

**What works best: 2020 update**

**Overview of research into best teaching practices**

**Information for parents and carers of school students**

# အကောင်းဆုံး အလုပ်ဖြစ်သည့်အရာ- ၂၀၂၀ မွမ်းမံပြင်ဆင်ချက်

## အကောင်းဆုံး သင်ကြားမှုအလေ့အကျင့်များအား သုတေသနပြုချက် အနှစ်ချုပ်

### ကျောင်းသား မိဘများနှင့် ပြုစု စောင့်ရှောက်သူများ အတွက် သတင်းအချက်အလက်များ

ကိုယ်သိတဲ့အရာတွေပေါ် အခြေခံပြီး သင့်ကလေးကို သင်ကြားပေးတယ်ဆိုတဲ့ အချက်ကို NSW အစိုးရ ကျောင်းတွေက အလေးထားကျင့်သုံးတဲ့အတွက် ကျောင်းသားတွေရဲ့ သင်ယူမှုမှာ အများကြီး အပြောင်းအလဲ ဖြစ်စေပါတယ်။

၂၀၂၀ မှာ NSW ပညာရေးဌာနက ထိရောက်တဲ့ သင်ကြားမှုအကြောင်း အထင်ရှားဆုံး သုတေသန ပြုချက်တွေရဲ့ မွမ်းမံပြင်ဆင်တင်ပြချက်တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာကို 'အကောင်းဆုံး အလုပ်ဖြစ်သည့် အရာ- ၂၀၂၀ မွမ်းမံ ပြင်ဆင်ချက်' လို့ခေါ်ပြီး ကျောင်းသားတွေ သင်ယူရာမှာ အထောက်အကူဖြစ်စေဖို့ ဆရာတွေ အနေနဲ့ စာသင်ခန်းတွေထဲမှာ အသုံးပြုနိုင်မယ့် အထောက်အထားတွေပေါ်အခြေခံတဲ့ အလေ့အကျင့် ရှစ်မျိုးကို ဖေါ်ပြထားပါတယ်။ 'အကောင်းဆုံး အလုပ်ဖြစ်သည့် အရာ- ၂၀၂၀ မွမ်းမံပြင်ဆင်ချက်' က သင့်ကလေးရဲ့ ကျောင်းအတွက် သင်ကြား သင်ယူမှု တွေမှာ နှစ်ပေါင်း များစွာ အကျိုးရှိစေမှာပါ။

အောက်မှာဖေါ်ပြထားတာကတော့ ဒီအလေ့အကျင့် တွေကို အိမ်မှာ ကျင့်သုံးတဲ့အခါ အထောက်အကူ ဖြစ်စေမယ့် စကားပြောပုံ အကြံပြုချက်တွေ အပါအဝင် 'အကောင်းဆုံး အလုပ်ဖြစ်သည့် အရာ' အလေ့အကျင့် ရှစ်မျိုးရဲ့ အနှစ်ချုပ်ဖြစ်ပါတယ်။ သင့်ကလေးနဲ့ စကားပြောတဲ့အခါ တစ်ကြိမ်မှာ မေးခွန်းတစ်စုံပဲ သုံးဖို့ အကြံပြုပါတယ်။

'What works best: 2020 update' စာအုပ်နဲ့ ကျောင်းအတွက် အထောက်အထား ပေါ် အခြေခံတဲ့ အခြား အရင်းအမြစ်တွေကို education.nsw.gov.au/about-us/educational-data/what-works-best-2020-update မှာ ရှာလို့ရပါတယ်။

## ၁။ မျှော်လင့်ချက် မြင့်မားခြင်း

ဆရာတွေက မျှော်လင့်ချက် မြင့်မြင့်ထားရင် ကျောင်းသားတွေက အကောင်းဆုံး သင်ယူ ကြပါတယ်။ မျှော်လင့်ချက် မြင့်မြင့်ထားခြင်းဆိုတာ ဆရာတွေက ကျောင်းသားတွေ စိတ်ဝင်စားလာအောင် ကြိုးစားတယ်၊ သူတို့ကို အသစ်အဆန်းတွေ သင်ယူဖို့ အားပေးတယ်၊ သူတို့ အကူအညီလိုရင် ပေးတယ်၊ ကျောင်းသားတွေကို လိမ္မာစေချင်ပြီး သင်ယူစေချင်တဲ့ စိတ်က ရှင်းလင်းပြီး တသမတ်တည်းဖြစ်တယ်၊ ကျောင်းသား တွေရဲ့ လိုအပ်ချက်တွေ ပြည့်မီဖို့ သင်ကြားနည်း အမျိုးမျိုး အသုံးပြုကြတယ်လို့ ဆိုလိုပါတယ်။

**ကလေးကို အဆက်မပြတ်လေ့လာပါ။**

- မူလတန်းကျောင်းသားများအတွက်- သင့်ဆရာကို သင်သိတဲ့အရာနဲ့ သင်လုပ်နိုင်တဲ့အရာတွေ ဘယ်လို ပြသမလဲ။
- အလယ်တန်း၊ အထက်တန်းကျောင်းသားများအတွက် - သင့်ရဲ့ သင်ယူမှုက ဘယ်အခြေအနေရောက်နေပြီ ဆိုတာ သင့်ဆရာက နားလည်ဖို့ လိုအပ်တယ်။ ဒါမှ ဆရာက ဘာထပ်သင်ရမယ်ဆိုတာ သိလိမ့်မယ်။ သင့်ဆရာကို သင့်သိတဲ့အရာနဲ့ သင်လုပ်နိုင်တဲ့ အရာတွေ ဘယ်လိုပြသမလဲ။

## ၂။ ရှင်းလင်းတိကျစွာ သင်ကြားခြင်း

အထူးသဖြင့် အသစ်အဆန်းကို သင်ယူတဲ့အခါ သင်ကြားမှုက ရှင်းလင်းတိကျရင် ကျောင်းသားတွေက အကောင်းဆုံး သင်ယူကြတယ်။ ရှင်းလင်းတိကျတဲ့ သင်ကြားမှုဆိုတာ ဆရာတွေက ကျောင်းသားတွေကို အကြောင်းအရာတစ်ခုကို ဘာကြောင့် သင်ယူရတယ် ဆိုတဲ့ အကြောင်း၊ သူတို့သိပြီးသား ကိစ္စနဲ့ ဘယ်လို ဆက်စပ်တဲ့အကြောင်း၊ ကျောင်းသားတွေကို ဘာလုပ် စေချင်တယ်၊ ဘယ်လိုလုပ်စေချင်တယ်၊ သူတို့ အောင်မြင်သွားရင် ဘယ်လိုဖြစ်စေချင်တယ် ဆိုတဲ့ အကြောင်းတွေကို ရှင်းရှင်းလင်းလင်း ရှင်းပြတာ ဖြစ်ပါတယ်။

**ကလေးကို အဆက်မပြတ်လေ့လာပါ။**

- မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများ အတွက်- ဒီနေ့ သင်ယူလာတဲ့ အရာတွေကို ပြောပြပါ။ သင်ယူရတာ လွယ်ရဲ့လား၊ ဒါမှမဟုတ် မေးခွန်းတွေ မေးခဲ့ရလား။ သင်နားလည်ပြီလို့ ဘယ်လိုပြောနိုင်သလဲ။

## ၃။ ထိရောက်သော သုံးသပ်ချက်

ဆရာတွေက ထိရောက်တဲ့ သုံးသပ်ချက်တွေ ပေးရင် ကျောင်းသားတွေက အကောင်းဆုံး သင်ယူ နိုင်ကြ ပါတယ်။ ထိရောက်တဲ့ သုံးသပ်ချက်ဆိုတာ အပြုသဘောဆန်ပြီး အသေးစိတ် တိတိကျကျ သုံးသပ်တာဖြစ်ပါတယ်။ ကျောင်းသားတွေက သူတို့ရဲ့ အလုပ်တစ်ခုခုကို ဘယ်လိုလုပ်သလဲ၊ ဘယ်လို အမှားမျိုးလုပ်သလဲ၊ အနာဂတ်မှာ ဘာတွေ တိုးတက် ဖို့လိုသလဲဆိုတာ ရှင်းရှင်းလင်းလင်းသိခြင်း ဖြစ်ပါတယ်။

**ကလေးကို အဆက်မပြတ်လေ့လာပါ။**

- မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများ အတွက်- သင် အသစ်တစ်ခုခု လေ့လာနေချိန်မှာ နည်းမှန်လမ်းမှန် ရှိမရှိ ဘယ်လိုသိလဲ၊ နောက်တစ်ကြိမ်မှာ ပိုကောင်းအောင် လုပ်နိုင်မယ်ဆိုတာ ဘယ်လိုသိနိုင် သလဲ။



NSW GOVERNMENT

## ၄။ လေ့ကျင့်ရာတွင် ကိန်းဂဏန်း အချက်အလက် များသုံး၍ သတင်းပေးခြင်း

ကျောင်းသားတွေ သင်ယူတဲ့နေရာမှာ ဘယ်အထိ ရောက်နေတယ်၊ ဘာတွေထပ်သင်ရမယ် ဆိုတာ ဆရာတွေ အသေအချာ သိရှိနိုင်ဖို့ ကိန်းဂဏန်း အချက်အလက်တွေ သုံးရင် ကျောင်းသား တွေက အကောင်းဆုံး သင်ယူကြပါတယ်။ ဒီလိုအသုံးပြုဖို့ ဆရာတွေအတွက် ကိန်းဂဏန်းအချက်အလက်တွေ ပုံစံမျိုးစုံ လိုအပ်ပါတယ်။ အတန်းထဲက ပဟေဠိတွေ၊ ဆရာတွေရဲ့ မေးခွန်းတွေကို ကျောင်းသားက ဖြေတာတွေ၊ ကျောင်းသားတွေရဲ့ လေ့ကျင့်ခန်းနမူနာနဲ့ စာမေးပွဲတွေ အပါအဝင် အချက်အလက်တွေကို နေရာပေါင်းစုံက ရနိုင်ပါတယ်။

## ၅။ စစ်ဆေးခြင်း

ဆရာတွေက အရည်အသွေးမြင့်တဲ့ စစ်ဆေးမှုတွေကို အသုံးပြုရင် ကျောင်းသားတွေက အကောင်းဆုံး သင်ယူပါတယ်။ စစ်ဆေးခြင်းဆိုတာ ကျောင်းသား တွေရဲ့ သင်ယူမှုက ဘယ်နေရာရောက်နေပြီလဲ ဆိုတာ အကဲဖြတ်ဖို့ ဆရာတွေအသုံးပြုတဲ့ လုပ်ငန်းများစွာ ဖြစ်ပါတယ်။ စာမေးပွဲတွေ၊ လေ့လာချက်တွေ စတဲ့ ပုံစံကားကျ လုပ်ငန်းတွေပါသလို ကျောင်းသား တွေကို မေးခွန်းတွေမေးတာ၊ သူတို့ရဲ့ လေ့ကျင့်ခန်း နမူနာ တွေကို စစ်ဆေးတာ စတဲ့ အလွတ်တန်း လုပ်ငန်းတွေ လည်းပါပါတယ်။

### ကလေးကို အဆက်မပြတ်လေ့လာပါ။

- မူလတန်းကျောင်းသားများအတွက်- သင့်ဆရာကို သင့်သိတဲ့အရာနဲ့ သင်လုပ်နိုင်တဲ့အရာတွေကို ဘယ်လိုပြသမလဲ။
- အလယ်တန်း၊ အထက်တန်းကျောင်းသားများအတွက်- သင့်ရဲ့ သင်ယူမှုက ဘယ်အခြေအနေရောက်နေပြီ ဆိုတာ သင့်ဆရာက နားလည်ဖို့ လိုအပ်တယ်။ ဒါမှ ဆရာက ဘာထပ်သင်ရမယ်ဆိုတာ သိလိမ့်မယ်။ သင့်ဆရာကို သင့်သိတဲ့အရာနဲ့ သင်လုပ်နိုင်တဲ့ အရာတွေကို ဘယ်လိုပြသမလဲ။

## ၆။ စာသင်ခန်း စီမံခန့်ခွဲခြင်း

ဆရာတွေက အတန်းကို ကောင်းမွန်စွာ စီမံခန့်ခွဲရင် ကျောင်းသားတွေက အကောင်းဆုံး သင်ယူကြတယ်။ စာသင်ခန်းစီမံခန့်ခွဲမှု ဆိုရာမှာ ကျောင်းသားတွေ အတွက် လုံခြုံတဲ့၊ အပြုသဘောဆောင်ပြီး စိတ်အားထက်သန်စေတဲ့ သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်စေဖို့ ဆရာတွေ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပါတယ်။

### ကလေးကို အဆက်မပြတ်လေ့လာပါ။

- မူလတန်းကျောင်းသားများအတွက်- သင့်စာသင်ခန်း ထဲမှာ ကျောင်းသားတွေ လိုက်နာရမယ့် စည်းကမ်းတွေ၊ ဖြည့်ဆည်းရမယ့် မျှော်လင့်ချက်တွေ ရှိပါသလား။ နဲနဲလောက်ပြောပြပါ။ ဒါတွေကို ကြိုးစား လိုက်နာတဲ့ အခါ ဘာဖြစ်သလဲ။ မလိုက်နာတဲ့အခါ ဘာဖြစ်သလဲ။
- အလယ်တန်း၊ အထက်တန်းကျောင်းသားများအတွက်- သင့်ကျောင်းမှာ ကျောင်းစည်းကမ်း၊ ကျောင်းရဲ့ မျှော်လင့်ချက်၊ အတန်းစည်းကမ်း၊ အတန်းရဲ့ မျှော်လင့်ချက်တွေ ရှိလား။ နဲနဲလောက် ပြောပြပါ။ ကျောင်းသားတွေက ဒါတွေကိုလိုက်နာရင် ဘာဖြစ်လဲ။ မလိုက်နာရင်ကော ဘာဖြစ်လဲ။

## ၇။ နေထိုင်ကောင်းခြင်း

ကျောင်းသားတွေက နေထိုင်ကောင်းပြီး ကျန်းမာရင် အကောင်းဆုံး သင်ယူကြတယ်။ ကျောင်းသားတွေရဲ့ နေထိုင်ကောင်းမှုဆိုတာ ကျယ်ပြန့်လှပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ခံစားမှုပိုင်း ကျန်းမာရေးကောင်းမွန်မှု၊ သင်ယူရာမှာ အကူအညီရမှု၊ သန်စွမ်းတဲ့ ဆက်ဆံရေး တည်ဆောက်ပြီး ရည်မှန်းချက် အဓိပ္ပါယ်ပြည့်ဝမှု စတဲ့ အချက်တွေ ပါဝင်ပါတယ်။ ဆရာတွေက ကျောင်းသား တွေရဲ့ နေထိုင်ကောင်းခြင်းအတွက် အောက်ပါ အတိုင်း ပံ့ပိုးပေးနိုင်ပါတယ်။

- လုံခြုံတဲ့ ပတ်ဝန်းကျင် ဖန်တီးပေးခြင်း
- ကျောင်းသားတွေ ရင်းနှီးကျွမ်းဝင်လာတယ်လို့ ခံစားရအောင် ကူညီပေးခြင်း
- သူတို့ရဲ့ အယူအဆ၊ အတွေးအမြင်တွေကို တန်ဖိုးထားခြင်း
- သင်ယူမှုတွင် စိတ်ဝင်စားစေရန် အားပေးခြင်း
- သူတို့၏ စိတ်ခံစားချက်များကို ထိန်းသိမ်းနိုင်ရန် ကူညီခြင်း
- ဆရာများ၊ အခြားကျောင်းသားများနှင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်နိုင်ရန် ကူညီပေးခြင်း

### ကလေးကို အဆက်မပြတ်လေ့လာပါ။

- မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားများ အတွက်- လတ်တလော ကျောင်းမှာ ပျော်ရဲ့လား။ ခက်ခဲတဲ့အရာတွေ စိမ်ခေါ်မှုတွေ ကြုံရလား။ အခက်အခဲ၊ ပြဿနာရှိရင် ဘာလုပ်ရမလဲ၊ ဘယ်သူ့ကို ပြောပြရမလဲဆိုတာ သိလား။ ကျောင်းမှာ တစ်ယောက်ယောက်က သင့်ကို ဂရုစိုက်လား။



### ၈။ ပူးပေါင်းဆောင်ရွက်ခြင်း

ဆရာတွေက ပူးပေါင်းဆောင်ရွက်တဲ့အခါ ကျောင်းသားတွေက အကောင်းဆုံးသင်ယူကြတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတာ ဆရာတွေက အခြားဆရာတွေ၊ ပြင်ပက ကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းပြီး သင်ကြားမှုကို တိုးတက်အောင်လုပ်တာ ဖြစ်ပါတယ်။ ထိရောက်တဲ့ ပူးပေါင်း ဆောင်ရွက်ခြင်းမှာ ဆရာတွေက သင်ခန်းစာတွေ၊ သင်ကြားမှု အစီအစဉ်တွေ ပူးပေါင်း စီစဉ်ခြင်း၊ သင်ခန်းစာတွေကို အချင်းချင်းလေ့လာပြီး ဝေဖန်အကြံပြုခြင်း၊ အလုပ်နဲ့ ပတ်သက်တဲ့ ပြဿနာတွေ အကြောင်း ဆွေးနွေးခြင်း၊ စဉ်းစားခြင်း တို့ ပါဝင်နိုင်ပါတယ်။

#### ဥပမာအားဖြင့်

**Aldavilla Public School ရဲ့ မြင့်မားသော မျှော်လင့်ချက်များ**

ကျောင်းသားများအတွက် ရလဒ်ကောင်းတွေရရှိဖို့ မြင့်မားတဲ့ မျှော်လင့်ချက်တွေ ထားရှိတဲ့အတွက် Aldavilla Public School ကျောင်းက အောင်မြင်မှု ရရှိတာဖြစ်ပါတယ်။ ကျောင်းသားတွေကို သူတို့ ဖြစ်ချင်တာ ဘာပဲဖြစ်ဖြစ် လက်တွေ့ ဖြစ်နိုင်တယ် ဆိုတာ အမြဲတမ်း သတိပေးပါတယ်။ Aldavilla Public School ကျောင်းမှာ မြင့်မားတဲ့ မျှော်လင့်ချက်တွေကို အားပေးတဲ့ နည်းလမ်းတစ်ခု ကတော့ ရည်မှန်းချက် ပန်းတိုင်တွေ ထားခြင်းပဲ ဖြစ်ပါတယ်။ ကျောင်းသား တွေကို သူတို့ရယူနိုင်တဲ့ သင်ယူမှု ပန်းတိုင်တွေ ထားရှိဖို့ အားပေးပါတယ်။ ဆရာတွေကလည်း ကျောင်းသားတွေကို သူတို့ရဲ့ ပန်းတိုင်ရောက်အောင် ကြိုးစားဖို့ အမြဲ အားပေး ကြပါတယ်။

ကျောင်းအနေနဲ့လည်း တစ်ကျောင်းလုံးအနေနဲ့ ကြိုးပမ်းမှုတွေ ဖေါ်ထုတ်ပြီး မြင့်မားတဲ့ မျှော်လင့်ချက် တွေကို အားပေးပါတယ်။ ဥပမာ- အတန်းတိုင်းက တူညီတဲ့ အမူအကျင့် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံး ကြပါတယ်။ ကျောင်းသား-ဆရာ ဆက်ဆံရေးကို ဦးစားပေး ပါတယ်။ ဆရာတွေအားလုံးက ကျောင်းသား တွေကို သိနားလည်ဖို့ကြိုးစားပြီး သူတို့ကို ဂရုစိုက်ကြောင်း ပြသကြပါတယ်။ ကျောင်းသားတွေ စနေ၊ တနင်္ဂနွေမှာ ဘာလုပ်လဲလို့ မေးတာ၊ ကျောင်းသားရဲ့ မောင်နှမ၊ ညီအစ်ကိုတွေကို သိအောင်လုပ်ထားတာ စသဖြင့် လွယ်ကူတဲ့ ကိစ္စလေးနဲ့ သူတို့ကို ဂရုစိုက်ကြောင်း ပြသနိုင် ပါတယ်။

#### ဥပမာအားဖြင့်

**Concord High School တွင် လေ့ကျင့်မှုအား သတင်းပေးရန် ကိန်းဂဏန်း အချက်အလက်များ အသုံးပြုခြင်း**

Concord High School ရဲ့ သင်္ချာဌာနကြီးက သူတို့ရဲ့ HSC ကိန်းဂဏန်းအချက်အလက်ကို နှစ်တိုင်း လေ့လာပြီး ရလဒ်တွေကို အသုံးပြုပြီး Years 7-11 နှစ်အတွက် သူတို့ရဲ့ သင်ကြားမှုအစီအစဉ်ကို ရေးဆွဲ ပါတယ်။ သင်္ချာဌာနမှူး ရှင်းပြတာက- "ကျောင်းသားတွေ မှားတတ်တဲ့ မေးခွန်းတွေကို လေ့လာပြီး ကလေးတွေ မှားတတ်တဲ့ အချက်ပေါ် အခြေခံပြီး အစီအစဉ်ကို ပြန်ရေးပါတယ်။ ဥပမာ- ကျောင်းသားတွေက မှာ 'significant figures' (အရေးရောက်ဂဏန်း) ကို သိပ်နားမလည်ကြပါဘူး။ အဲဒါကြောင့် အခု 'significant figures'ကို Year 7 ကိုရွှေ့လိုက်ပါတယ်။ 'significant figures'ကို အသုံးပြုပြီး လေ့လာခန့်မှန်းဖို့ ခြောက်နှစ် အချိန်ရ တယ် ဆိုတဲ့သဘောပါ။ အခုဆိုရင် 'significant figures'က ပြဿနာမဟုတ်တော့ပါဘူး။"

တခါတလေ အစီအစဉ်ပြန်လည် ရေးဆွဲဖို့ တစ်နှစ် အတွင်းမှာ ခေါင်းစဉ်တွေ အပြောင်းအလဲ လုပ်ရ တတ်ပါတယ်။ အဲဒါကြောင့် ကျောင်းသားတွေက သူတို့ဗဟုသုတတွေကို အသုံးချဖို့နဲ့ အယူအဆတွေကို နားလည်ဖို့ တစ်နှစ်လုံး အခွင့်အရေးပိုရပါတယ်။ သင်္ချာဌာနမှူး ဆက်ပြောပြတာက - "ကျောင်းသား တွေက 'probability' (ဖြစ်တန်စွမ်း) ကို နားမလည် ကြဘူး။ အစီအစဉ်ကို ပြန်ကြည့်ပြီး 'probability' ကို စာသင်နှစ်တိုင်းရဲ့ နောက်ဆုံးမှာ ထားလိုက်တယ်။ အဲဒါကြောင့် အစောပိုင်း နှစ်တွေထဲက သူတို့က အဲဒါကို မြင်ဖူးနေတော့တယ်။"

#### တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

ပိုမိုသိရှိလိုလျှင် သင့်ကျောင်းမှ ကျောင်းအုပ်ကြီးထံ ဖုန်းခေါ်ဆိုပါ။ စုံစမ်းမှုအတွက် စကားပြန်လိုအပ်လျှင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု 131 450 သို့ ခေါ်ဆိုပြီး သင်၏ ဘာသာစကားဖြင့် စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းဝန်ဆောင်မှုပေးသူထံ သင်ခေါ်ဆိုလိုသောဖုန်းနံပါတ်ကို ပြောပါ၊ စကားပြန်နှင့် ဖုန်းဖြင့် စကားပြောဆိုနိုင်ရန် ဖုန်းဝန်ဆောင်မှုပေးသူက ကူညီပါလိမ့်မည်။ ဤဝန်ဆောင်မှု အတွက် အခကြေးငွေပေးရန်မလိုပါ။